DPNS

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ နိုင်ငံရေးအမြင် သုံးသပ်ချက်

Political Commentary

# “ ဖိရင်ကြွ ထိရင်ချတဲ့ လူထု၊ ကပ်ဘေးအန္တရာယ်နဲ့ တာဝန်မဲ့ စစ်အုပ်စု ”

[လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ နိုင်ငံရေးအမြင် သုံးသပ်ချက် ၃/ ၂၀၂၁]

မြန်မာပြည်ဟာ စစ်အာဏာသိမ်းပြီးနောက်ပိုင်း အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်နဲ့ ဥပဒေပြုရေးမဏ္ဍိုင်တွေ အားလုံးနီးပါး စတင်ပြီး ကမောက်ကမ ဖြစ်ပွားခဲ့တယ်။ လူမျိုးပေါင်းစုံ မြန်မာပြည်သူတွေက စစ်အာဏာရှင်စနစ် ကျဆုံးရေးကို လူထုအုံကြွမှုကြီးနဲ့အတူ ဆန္ဒဖော်ထုတ်ခဲ့ကြတယ်။ လူထုဆန္ဒထုတ်ဖော်မှုတွေကို စစ်ကောင်စီ က အကြမ်းဖက်၊ ရိုက်နှက်၊ သတ်ဖြတ်၊ ဖမ်းဆီး၊ ထောင်ချခဲ့တဲ့ အခြေအနေတွေကြောင့် လူထုကြီးဟာ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုက နေ မိမိကိုယ်ကိုယ် ပြန်လည်ခုခံကာကွယ် စောင့်ရှောက်နိုင်ဖို့အတွက် လက်နက်ကိုင် တော်လှန်တဲ့အဆင့်ကို ရောက်ရှိ သွားတယ်။ စစ်ကောင်စီဟာ CDM ပြုလုပ်တဲ့ နယ်ပယ်အသီးသီးမှ ဝန်ထမ်းများ အားလုံးနီးပါးကို ၅၀၅ (က) ပုဒ်မ တပ်ပေး ခဲ့တယ်။ ခုဆိုရင် ၅ လ ကျော်ခဲ့ပြီဖြစ်တယ်။

ဒီလိုကာလတွေမှာဘဲ အာဏာသိမ်းစစ်အုပ်စုရဲ့ စီမံခန့်ခွဲမှု ညံ့ဖျင်းပုံတွေကို ဆက်လက် ထောက်ပြနိုင်တာကတော့ တတိယလှိုင်း ကိုဗစ်-၁၉ ကူးစက်ရောဂါကို ကိုင်တွယ်ပုံဘဲဖြစ်တယ်။

၁) ကိုဗစ်၁၉ ရောဂါကို ကာကွယ်နိုင်ဖို့အတွက် မျက်နှာဖုံး၊ လက်အိပ် ၊PPE ၊ ခေါင်းစွပ် ၊မျက်နှာကာဗာနဲ့ လက်ဆေးဆပ်ပြာတွေ အလုံအလောက်ပါတဲ့ ကွန်တိန်နာကို ဂိတ်ကနေ ဝင်ခွင့်မပေးဘူးလို့ သိရတယ်။
၂) UN က မင်းတပ်အတွက် လိုအပ်တဲ့ ဆေးဝါးနဲ့ အောက်စီဂျင်၊ အခြေခံလိုအပ်ချက်တွေကို လာရောက် ပို့ဆောင်တာကို လိုအပ်သလောက်သာ (တပ်တွင်းမှာ)ယူထားပြီး လိုအပ်တဲ့နေရာကို တိုက်ရိုက် ဖြန့်ဖြူးခွင့်မပြုဘူး လို့လည်း သိရတယ်။

ကိုဗစ်-၁၉ ဟာ မြန်မာနိုင်ငံသားအားလုံးကို ထိခိုက်နစ်နာနိုင်တဲ့ အခြေအနေကို စစ်ကောင်စီ အနေနဲ့ မတွက်မိတာတော့ မ ဟုတ်လောက်ပါဘူး။ ကိုဗစ်-၁၉ ကာကွယ်ဆေးတွေကို တပ်တွင်းအရာရှိအရာခံ အကြပ်တွေနဲ့ သူ့မိသားစုတွေကို ထိုး ထားပေးတယ်လို့ကြားသိရပါတယ်။ (တပ်သားတွေ ပါ-မပါမသိရပါ) အဲ့ဒီအတွက်ကြောင့် သူတို့ မကူးစက်နိုင်ဘူးလို့ ယုံကြည်နေတဲ့ပုံ ရတယ်။

ဒါကြောင့် လူထုလိုအပ်တဲ့ အောက်ဆီဂျင်ဘူးတွေ/ စက်တွေ ပိတ်ပင်တာမျိုးတွေ လုပ်ဆောင်နေတာ တွေ့ရတယ်။ လူထုအတွင်း ကူးစက်သူ များပြားလွန်းတာကြောင့် ဆေးရုံဆေးခန်းမလုံလောက်တဲ့အပြင် ဆေးဝါးလုံလောက်မှုမရှိ၊ အောက်စီဂျင် လုံလောက်မှု မရှိတာတွေကြောင့် လူထုဟာ အလောင်းများထပ်ကာ၊ ပုံကာ သေဆုံးနေကြတယ်။

ဒါ့အပြင် စစ်အာဏာသိမ်းမှု ကိုဆန့်ကျင်သူတွေ မတရား ဖမ်းဆီးချုပ်နှောင်ခံကြရတဲ့အထဲမှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံနေကြရကြောင်း ကြားသိရတယ်။ အဲ့ဒီအထဲက NLDခေါင်းဆောင် ဦးဉာဏ်ဝင်းဟာလည်း စစ်ကောင်စီရဲ့ မတရား ဖမ်းဆီးခံထားရစဉ်အတွင်း ကိုဗစ်-၁၉ ရောဂါနဲ့ သေဆုံးခဲ့တယ်လို့ သိရတယ်။ အဲ့သည်လို အခြေအနေတွေကြောင့်ဘဲ အင်းစိန်ထောင်၊ အိုးဘိုထောင်နဲ့ ရွှေဘိုထောင်တွေမှာ ဆန္ဒပြမှုတွေ ဖြစ်လာတယ်။ “ ကိုဗစ်-၁၉ ကာကွယ်ကုသမှု ထိထိရောက်ရောက် လုပ်ရေး၊ မတရားဖမ်းဆီးခံ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးရေး၊ ထောင်ဝင်စာ ပိတ်ဆို့မှုတွေ ပြန်ဖွင့်ပေးရေး ” စတဲ့ အချက်တွေ တောင်းဆိုကြတယ်။ မိမိတို့ပါတီအနေနဲ့ ဒီထောင်တွင်းတိုက်ပွဲများက

တောင်းဆိုချက်အားလုံး တရားမျှတ မှန်ကန်ကြောင်း ခြွင်းချက်မရှိ ထောက်ခံတယ်။ ပြည်သူလူထုကြီးတစ်ရပ်လုံးကလည်း ဒီထောင်တွင်း ဆန္ဒပြ တိုက်ပွဲဝင်မှုကို တခဲနက် သံပုံးတီးသံပေးပြီး ထောက်ခံခဲ့ကြတယ်။
နောက်ဆုံးရရှိတဲ့ သတင်းတွေအရ အင်းစိန်ထောင်တွင်း ဆန္ဒပြမှုရဲ့ တောင်းဆိုချက်များအနက် ပထမဆုံးအချက် “ ကိုဗစ်-၁၉ ကာကွယ် ကုသမှု ထိထိရောက်ရောက် လုပ်ရေး ” ဆိုတာကိုပဲ လိုက်လျောခဲ့ပြီး ကျန် ၂ ချက်ဟာ ကျန်းမာရေးဝန်ကြီးဌာနနဲ့ စစ်ကောင်စီ တို့ကသာ ဆုံးဖြတ်နိုင်ကြောင်း အကြောင်းပြန်တယ်လို့ သိရတယ်။ ဒါ့အပြင် ဆန္ဒပြပွဲကို ဦး ဆောင်သူ ၅ ဦးကို တိုက်ပိတ် ပြစ်ဒဏ်ပေးကြောင်း ကြားရတယ်။ လူသားအခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးတွေ ဆုံး ရှုံးကြရတဲ့အတွက် တရားမျှတတဲ့ တောင်းဆိုမှုတစ်ရပ် ပေါ်ထွက်တာကို ဒီလို ပြစ်ဒဏ်ပေးတာဟာ လူ့အခွင့်အရေး၊ နိုင်ငံသားအခွင့်အရေးများ ချိုးဖောက်တာဖြစ်လို့ မိမိတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီအနေနဲ့ ပြင်းပြင်းထန်ထန် ကန့်ကွက် ရှုတ်ချပါတယ်။

ပြည်သူ့ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်တချို့၏ သုံးသပ်ချက်အရ  မြန်မာနိုင်ငံ လူဦးရေ ၅၅ သန်း၏ ၅၀ ရာခိုင်နှုန်း ကို သုံးပတ်အတွင်း Alpha (သို့) Delta မျိုးဗီဇ ကိုဗစ် ၁၉ ရောဂါပိုး ကူးစက်ခံရနိုင်ပြီး ကိုဗစ် ၁၉ တတိယလှိုင်းအတွင်း လူဦးရေ ၁၀ သန်းကနေ ၁၅သန်းအထိ ဆုံးရှုံးနိုင်ကြောင်း  Asia Times သတင်းစာမျက်နှာရဲ့ ၁၇၊ ၇၊ ၂၀၂၁ ရက်စွဲနဲ့ ဖော်ပြ ထားတဲ့ ‘Everyone is dying’[i] (Myanmar on the brink of decimation) ဆိုတဲ့ ဆောင်းပါးမှာ တွေ့ရတယ်။

အခုလို ကမ္ဘာတဝှမ်းနဲ့ မိမိတို့ မြန်မာနိုင်ငံ အနှံ့အပြားမှာ လူသားတိုင်းအတွက် စိုးရိမ်ဖွယ်အခြေအနေ ဖြစ်ပေါ်နေတာကို စစ်ကောင်စီ အနေနဲ့ လူ့အသိစိတ်ရှိရှိ အမျိုးသားရေးတာဝန်သိသိနဲ့ ဖိနှိပ်မှုတွေ လျှော့ချဖို့ လိုအပ်နေပြီ ဖြစ်တယ်။ ဒါကြောင့် ယနေ့ရင်ဆိုင်နေရတဲ့ အခက်များကို ကျော်လွှားနိုင်ရန်အတွက် သက်ဆိုင်ရာအသီးသီးအနေဖြင့်

၁) ကိုဗစ်-၁၉ ကာကွယ်ရေးအတွက် နိုင်ငံတကာအကူအညီကို အမြန်ဆုံးယူရန်။

၂) အိမ်နီးချင်းနိုင်ငံများ၏ အကြံပြုချက်ကို ခေါင်းမမာဘဲ လက်ခံစဉ်းစားပြီး အမြန်ဆုံးအကောင်အထည် ဖော်ရန်။

၃) ဆေးဝါးကျွမ်းကျင် လုပ်သားများနဲ့ ဆရာဝန်များကို ၅၀၅ (က)တရားစွဲဆိုခြင်းကို ခြွင်းချက်မရှိ ရုပ်သိမ်းပေးရန်။

၄) ၂၃၊ ၇၊ ၂၀၂၁ နေ့ ထောင်တွင်းဆန္ဒပြမှုကြောင့် တိုက်ပိတ်ခံရခြင်း အပါအဝင် မတရား ဖမ်းဆီး ချုပ်နှောင် ထောင်ချခံနေရသူများအား ခြွင်းချက်မရှိ၊ ချက်ချင်း လွှတ်ပေးရန်။

၅) ကိုဗစ်-၁၉အတွက် ဝိုင်းဝန်းလုပ်ဆောင်နေကြသည့် ပရဟိတအသင်းများ၊ လူငယ်များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးကို အကန့်အသတ်မရှိ ကူညီဆောင်ရွက်ခွင့်ပြုရန်။

၆)ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကဲ့သို့သော သက်ဆိုင်ရာ ဌာနများနှင့် အဖွဲ့အစည်းများမှ အဓိကတာဝန် ယူ၍ ပြည်သူလူထုကြားတွင်  ဆေးဝါးနှင့် လိုအပ်သည့်အထောက်အပံ့များ သက်သာ ချောင်ချိစွာ ရရှိရေးအတွက် အမြန်ဆုံး ဆောင်ရွက် ပေးရန်။
စသည့်အချက်များကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း လူ့ဘောင်သစ်ဒီမိုကရက်တစ် ပါတီအနေဖြင့် တောင်းဆို တိုက်တွန်းရင်း မိမိတို့ပါတီရဲ့ သဘောထားအမြင်ကို ဖော်ပြလိုက်ပါတယ်။

လူ့ဘောင်သစ်ဒီမိုကရက်တစ် ပါတီ((ဌာနချုပ်)
၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၊ ၂၅ ရက်။

---

[i] 'Everyone is dying': Myanmar on the brink of decimation
https://asiatimes.com/2021/07/everyone-is-dying-myanmar-on-the-brink-of-decimation/